dvbdebate.com facebook.com/dvb.debateTwitter@dvbdebate

**DVB TV timetable**

| | | | |
|---|---|---|---|
| Sun | 19:15 | 21:00 | night repeat |
| Mon | 10:15 | 15:15 | 21:00 |
| Wed | 10:15 | 15:15 | 21:00 |
| Fri | 10:15 | 15:15 | 21:00 |

"ဒီဗွီဘီ ဒီဘိတ်" အချေအတင် ဆွေးနွေးပွဲ အစီအစဉ်ကို DVB Multimedia Group က စနေနေ့တိုင်း တိုက်ရိုက် ရိုက်ကူးပြီး ဒီဗွီဘီရုပ်သံလိုင်းမှာ တစ်ဖက်ပါ အစီအစဉ်အတိုင်း ထုတ်လွှင့် တင်ဆက်ပါတယ်။

DVB Debate ဟာ မိမိတို့ရဲ့ အတွေးအမြင် အယူအဆတွေကို လွတ်လပ်စွာ သဘောကွဲလွဲနိုင်ဖို့၊ အပြန်အလှန် နားလည်မှုတွေကို တည်ဆောက်နိုင်ဖို့၊ မြန်မာ့အနာဂတ် ပိုမိုကောင်းမွန်လာစေဖို့၊ လူ့အဖွဲ့အစည်းအတွင်းမှာ ရှိနေတဲ့ ပြဿနာတွေကို အဖြေရှာနိုင်ဖို့၊ လူတိုင်းပါဂင်နိုင်ပြီး မတူကွဲပြားတာတွေကို လက်ခံပေးနိုင်ဖို့၊ အချေအတင်ဆွေးနွေးတဲ့ ယဉ်ကျေးမှုပေါ်ထွက်လာစေဖို့ ရည်ရွယ်ပါတယ်။

မီဒီယာတွေနဲ့ အသင်းအဖွဲ့တွေကိုလည်း အခုလို လွတ်လပ် ပွင့်လင်းတဲ့ ဒီဘိတ်ရဲ့ အချေအတင် ဆွေးနွေးပွဲမှာ ပါဂင်ဖို့ကို ဖိတ်ခေါ်ပါတယ်။ အပတ်စဉ် သတင်းထုတ်ပြန်ချက်များ၊ သတင်းဓာတ်ပုံများနဲ့ ဒီဘိတ်ကာတွန်းကို ရုပ်သံရိုက်ကူးပြီး မကြာခင်မှာပဲ ဒီဗွီဘီဒီဘိတ်ရဲ့ ဖေ့စ်ဘုတ်စာမျက်နှာနဲ့ ဂက်ဘ်ဆိုက်မှာ ကြည့်ရှုနိုင်ပါတယ်။ ပြည်တွင်းမှာ ပြုလုပ်မယ့် အချေအတင် ဆွေးနွေးတဲ့ ဒီဘိတ်တွေကို ပံ့ပိုးကူညီဖို့ DVB Debate မှာ ရန်ပုံငွေ ရှိပါတယ်လို့ အသိပေးလိုပါတယ်။

# DVB DEBATE

ယခုအပတ် ဆွေးနွေးပွဲအတွက် မေးခွန်းကတော့

***"When is sound becoming Noise?"***

ဖြစ်ပါတယ်။

❖ မှတ်ချက်ပေးလိုတာ၊ အကြံပြုလိုတာနဲ့ မေးမြန်းလိုပါက ရုံးချိန်အတွင်း ဖုန်းနံပါတ် ဂ၁ ၂၉၂၇၄၃ နဲ့ debate@dvb.no ကို ဆက်သွယ်ပြီး အဖွဲ့ဂင်တစ်ဦးဦးထံ မေးမြန်းနိုင်ပါတယ်။

## ဒီတစ်ပတ်မှာတော့ "ကျွန်ုပ်တို့ ဂန်းကျင်မှာ ဆူညံသံတွေ ညံလွန်းနေပြီလား" ဆိုတဲ့ ဒီဘိတ်ကို ဆွေးနွေးကြမှာ ဖြစ်ပါတယ်။

ယနေ့ မြန်မာနိုင်ငံတွင် တိုးတက်မှုဟုဆိုပါက ရုပ်ဝတ္ထုပိုင်းတိုးတက်မှုကသာ ပိုများပြားသည်လားဟု မေးရပေမည်။ လက်ရှိမှာတော့ တိုးတက်မှုနှင့် ယဉ်ကျေးမှုတို့ကြား ပြဿနာ အရပ်ရပ်တို့က လွန်ဆွဲ လျက်ရှိလာနေပေသည်။

ယခုအခါမှာတော့ အသံချဲ့စက်များ၊လက်ကိုင်အော်လံများနှင့် ဆောင်းဘောက်စ်များမှာ တလွဲအသုံး ပြုသူတို့ကြောင့် ဆူညံသံ ဖန်တီးသည့် လက်နက်များ ဖြစ်နေကြောင်း သတိပေးထားကြသည်။

မြန်မာနိုင်ငံတွင် တရားလွန်ကဲသည့် ဆူညံသံအဆင့် မဖြစ်ပေါ်စေရန် ရပ်/ကျေး ဥပဒေဖြင့် ထိန်းကွပ် နိုင်ဖို့ ထုတ်ပြန်ထားသည်ဟု သိရသည်။ သို့သော်လည်း လက်ရှိတွင် အသံချဲ့ စက်ကြီးများဖြင့် နေ့စဉ် မပြတ် ဖွင့်လှစ်နေကြသည့် အလှူခံမှုများကလည်း လမ်းသွားလာသူတို့ အတွက် မထောင်းသာလှ သော်လည်း ယင်းအနီးတစ်ပိုက်တွင် နေထိုင်ကြသူများ အတွက်မှာမူ ဝေဒနာတစ်ရပ် အဖြစ်သို့ပင် ကူးပြောင်းလာခဲ့ရပေသည်ဟု ဆိုလာကြသည်။

ယင်းအသံဆူညံမှုအတွက် ကားစီးရေများပြားလှသည့် ရန်ကုန်မြို့တွင်မူ ပြီးခဲ့သည့်နှစ်တစ်ချို့က မြို့ တွင်း( Down Town ) ခြေက်မြို့နယ်ကို ဟွန်းသံကင်းမဲ့ဇုန် အဖြစ်သတ်မှတ်၍ လမ်းပေါ်မှ အသံဆူ ညံမှု တစ်ချို့ကို လျှော့ချနိုင်ရန် ကြိုးပမ်းခဲ့သည်ကိုတွေ့ရသည်။ ယနေ့အချိန်တွင်မူ အဆိုပါ ဟွန်းသံ ကင်းမဲ့ဇုန်ကို ရန်ကုန်မြို့ ဧရိယာတစ်ခုလုံးအထိ တိုးချဲ့သတ်မှတ်ထားခဲ့ပြီး ဖြစ်သည်။ စတင်ကာစ တွင် ဒဏ်ရိုက်အရေးယူခြင်းများဖြင့် တင်းတင်းကြပ်ကြပ် အရေးယူမှုရှိခဲ့၍ အချို့ကားများမှာ ဟွန်း ဖြုတ်ထားသည်အထိ ရှိခဲ့သော်လည်း လက်ရှိတွင်မူ ဟွန်းသံများကို ထပ်မံကြားလာကြရကြောင်း၊ သို့သော် စည်းကမ်းမသတ်မှတ်မီ အချိန်ကကဲ့သို့ များပြားလှခြင်းမရှိပေ။

လက်ရှိတွင် မကြာသေးမီအချိန်အတွင်းက ဖွင့်လှစ်ခဲ့သည့် ရွှေဂုံတိုင်ကုန်းကျော်တံတား၏ နေရာအချို့၌ အသံဆူညံမှုကိုကာကွယ်ရန် အသံထိန်းအကာများ တပ်ဆင်ပေးထားသည်။

မီးစက်သံတဒုန်းဒုန်းက မြို့တော်ယန္တရား လည်ပတ်နိုင်ရန် အထောက်အပံ့တစ်ခု ဖြစ်နေသေး သည့် မဟာရန်ကုန်၊ တည်ဆောက်ဆဲ နိုင်ငံ့အနေထား၏ လက္ခဏာ တစ်ရပ်အရ ထွက်ပေါ် လာလျက်ရှိသည့် ထုသံ ၊ ရိုက်သံ စသည့်စသည့် ကျွန်ုပ်တို့၏ ပတ်ဂန်းကျင်မှ အသံများ အကြောင်းနှင့်ပတ်သက်ပြီး ယခုတစ်ပတ်၏ ဒီဘိတ်အစီအစဉ်က ဆွေးနွေးကြမည်ဖြစ်ပါသည်။

## သူတို့အမြင်

"အခုလက်ရှိအချိန်မှာတော့ ဘယ်ကိုသွားသွား ပြေးမလွတ်နိုင်တဲ့ "ဆူညံသံ" တွေနဲ့ ကျမတို့ အားလုံး ရင်ဆိုင်နေ ရပါပြီ။ ငှက်ကလေးတွေရဲ့ တေးသီသံဟာ ဆောက်လုပ်ရေး လုပ်ငန်းခွင် ကနေ ထွက်ပေါ်လာနေတဲ့ ထုရိုက်သံ တွေကြားမှာ ပျောက်ကွယ် ဂေဂါးခဲ့ရပါပြီ။ အလှူရေစက် လက်နဲ့မကွာလို့ဆိုတဲ့ ဗမာလူမျိုးတွေဟာ စေတနာ သဒ္ဒါတရား ထက်သန်တယ် ဆိုတာ အထူး ပြောစရာ မလိုပါဘူး။ ဒါပေမယ့် တရပ်ကွက်လုံး၊ တလမ်းလုံး ဟိန်းထ နေအောင် နံနက် အစော ကြီး အလှူခံထွက်သူတွေ ဖွင့်နေတဲ့ အသံချဲ့စက်သံက ပတ်ဂန်းကျင်ကို အနှောင့်အယှက် ဖြစ် စေပါတယ်။"
**သွေး ( စစ်ကိုင်း)** - စာရေးဆရာ။

"အသံအတိုးအကျယ် တိုင်းတာသည့် စကေးကို Decibel ဟု သတ်မှတ် ထားရာ ၁ D သည် သာမန်လူတို့ အတိုးဆုံး ကြားရသည့် အသံဖြစ်၏။ ၇၀ D ကိုနေ့စဉ် ရက်ဆက် ကြားနေရလျှင် စိတ်ရောဂါ စတင်ရစေနိုင်၏။ ၈၀ D ထက်ကျော်လျှင် နားကို စတင်ဒုက္ခပေး၏။ ယနေ့ စိတ်ရောဂါ ဝေဒနာရှင်အားလုံး၏ သုံးပုံတစ်ပုံနှင့် ခေါင်းကိုက်ဝေဒနာရှင် အားလုံး၏ ငါးပုံတစ်ပုံမှာ ဆူညံသံကြောင့် ဖြစ်ကြရ၏။ အချို့သတ္တဝါ ငယ်လေးများသည် ၁၇၅ D ရှိသော အသံများကြောင့် သေဆုံးကြရ၏။ ထိုထက် ကြောက်စရာ ကောင်းသည်မှာ ဆူညံသံသည် သတ္တဝါတို့၏ အာရုံကြောများ၊ မျိုးပွားအင်္ဂါစုများ၊ ဟော်မုန်းဓာတ် ထုတ်သည့် အကျိတ်များကို ထိခိုက်ပျက်စီး စေနိုင်သည့်အပြင် ကိုယ်ဝန်ဆောင် မိခင်ဝမ်းတွင်းရှိ သန္ဓေသားငယ်၏ ဦးနှောက်ကိုပင် မိခင်ကြားရသော ဆူညံသံများက ဒုက္ခရောက်စေနိုင်၏။"
**ဆွေပြည်မင်း** - မြို့ပြဖွံ့ဖြိုးရေးအစီအမံရေးဆွဲခြင်းမှ။

အစိုးရပိုင်းက ဒီကိစ္စကို အသေးအဖွဲလို့ သဘောမထားဘဲ ထိထိရောက်ရောက်ကိုင်တွယ်ဖို့လို သလို၊ ဥပဒေပြုလွှတ်တော်အနေနဲ့လည်း "ဆူညံသံနဲ့ပတ်သက်တဲ့ဥပဒေတစ်ရပ်ရပ်" ကိုတောင် ပြဌာန်းဖို့လိုနေပြီလို့ထင်ပါတယ်။ **အောင်လှိုင်ဦး** - စာရေးဆရာ။

### *Information links:*

**www.dvbdebate.net**
**www.**Burmese.dvb.no